# ကိုယ်ရံတော်

## Snial Patorl

ကျွန်ုပ်တို့နေထိုင်ရာ ကျေးရွာကလေးများ ဝန်းရံနေသော ကျေးလက်ဒေသမှ ကျွန်ုပ်၏မိတ်ဆွေများ၏ သားသမီးများနှင့်အတူ လမ်းလျှောက်ထွက်ခဲ့ပါသည်။ ကျေးလက်ဒေသဖြစ်သည့် အားလျော်စွာ စိုက်ခင်းပျိုးခင်းများ၊ ဖုံထူသောလမ်းသွယ် လမ်းကြောင်းကလေးများ၊ ဟိုနေရာတစ်ခု၊ သည်နေရာတစ်ခု တစ်ဖွဲ့ပေါက်နေသော သစ်တောအုပ်ကလေးများဖြင့် ပြည့်နှက်နေသည်။ ယနေ့ရာသီဥတုမှာ သာယာကြည်လင်ထွန်းလင်းလှသဖြင့် ကလေးများအတွက် လေကောင်းလေသန့် ရှူရှိုက်နိုင်သည့်အပြင် နွေဦးရာသီနှင့် နွေရာသီတို့တွင် အုံနှင့်ကျင်းနှင့် ပေါက်ဖွားတတ်သော ပိုးမွှားတိရိစ္ဆာန်ကလေးများကိုလည်း ရှာဖွေလေ့လာနိုင်ကြပေသည်။

ကျွန်ုပ်တို့၏ နယ်မြေခံအဖွဲ့အစည်းနှင့် စေတနာ့ဝန်ထမ်းလုပ်ငန်းတည်ရှိရာ အသက်ရှူမွမ်းကျပ်လှသော ပျားအိမ်သဖွယ် အိမ်ခန်းကျဉ်းကျဉ်းကလေးမှ ခဏတာအနားယူ ထွက်ခွာလာခဲ့ရသော ကျွန်ုပ်အဖို့ အသက်ဝဝရှူခွင့်ရသော ကြည်နူးဖွယ်အခိုက်အတန့်ကလေးပင် ဖြစ်တော့သည်။ ကျွန်ုပ်တို့လျှောက်လှမ်းခဲ့ရာ ကျေးလက်လမ်းတစ်လျှောက်တွင်မူကား ကွန်ပျူတာများလည်းမရှိ၊ ဖိစီးမှုများလည်းကင်းသည်။ ဖုန်းခေါ်သံများလည်း မကြားရ။ တောက်တိုမည်ရ ဗာဟီရကိစ္စများလည်းမရှိ၊ အစည်းအဝေးဆို ဝေလာဝေး၊ သန့်ရှင်းရေး လုပ်စရာလည်း မလိုပေ။ တစ်နေကုန်အလုပ်ရှုတ်ရသော ဦးနှောက်ခြောက်စရာ အလုပ်ဟူ၍ ဘာတစ်ခုမျှမရှိ။ ပကတိပေါ့ပါးရွှင်လန်းစရာပင် ဖြစ်ပါသည်။

ပင့်ကူကြီးတစ်ကောင်ကို တွေ့လိုက်သဖြင့် ကလေးငယ်များ ထိတ်လန့်တကြား အော်ဟစ်ခြင်းမပြုမီအထိမူ သဘာဝအလှတွင် ယစ်မူးမိန်းမောနေရသောအချိန်သည် မရွှေ့မလျားတန့်ရပ်နေပုံရသည်။ သို့ရာတွင် ဤသို့သော အလန့်တကြား မအော်ခင်အထိ အချိန်ကလေးသည်ပင် ကျွန်ုပ်၏ ဦးနှောက်ကို ရှင်းလင်းဆေးကြောပစ်ရန် လိုအပ်သည့် အခိုက်အတန့်ကလေးဖြစ်သည်။ ထိုနောက် ကလေးများ နောက်ဆုံးတွေ့လာသော အင်းဆက်ပိုးတစ်ကောင်ကို ဝိုင်းအုံကာ စိတ်ဝင်တစား စူးစမ်းလေ့လာနေကြသော မြင်ကွင်းကို ဓါတ်ပုံရိုက်ရန် ခြုံပုတ်တစ်ခုထဲသို့ ခုန်၍ဝင်လိုက်မိသည်။

သင်သည် ကလေးငယ်လေးတစ်ဦးကဲ့သို့ ပြုမူနေထိုင်ခြင်း ပြုမလာတတ်လျှင် နိဗ္ဗာန်ဘုံသို့ ဝင်ရောက်ခြင်းပြုနိုင်မည် မဟုတ်ဟူသော ဂျီးဆက်၏ ပြောစကားမှာကား နိဗ္ဗာန်ဘုံသို့ အမှန်တကယ် သွားရောက်ရန် ပြောခြင်းမဟုတ်တန်ရာ။ သို့သော် ကျွန်ုပ်တို့၏ လောကီရေးရာ လူမှုကိစ္စအဖြာဖြာကို ဘေးဖယ်ထားပြီး ကျွန်ုပ်တို့၏ စိတ်နှင့်နှလုံးကို ငြိမ်သက်စွာဖြင့် အေးချမ်းမှုရနေသော ယခုမျက်မှောက်ကာလကလေးကို ပြောခြင်းဖြစ်ပေလိမ့်မည်။

ကျွန်ုပ်နှင့်အတူ ရှိနေကြသော ကလေးငယ်များသည်လည်း ထိုသို့သော ငြိမ်ချမ်းမှု၊ ငြိမ်သက်မှုကို သဘာဝအလျောက် ရရှိခံစားလိုပုံရကြပါသည်။ သူတို့သည် အိမ်ပြန်ပြီး အလုပ်လုပ်ရမည်ကိုလည်း စိုးရိမ်ခြင်းမရှိကြ။ ပေးချေရမည့် ငွေတောင်းခံလွှာများအတွက်လည်း ပူပန်ခြင်းမရှိကြ။ သူတို့တွင် ဘဝကိုစိတ်ဝင်စားစွာ စူးစမ်းလေ့လာလိုသော စွမ်းအားများဖြင့် ပြည့်ဝနေပြီး သူတို့အား ကြည့်ရှုစောင့်ရှောက်ပေးပြီး သူတို့၏ လှုပ်ရှားမှုများကို ဓါတ်ပုံရိုက်မှတ်တမ်းတင်ပေးမည့် လူကြီးတစ်ဦးအဖေါ်အဖြစ် ရှိနေခြင်းအတွက်လည်း ကြည်နူးပျော်ရွှင်နေကြသည်။ ကျွန်ုပ်တို့တွင်လည်း ကျွန်ုပ်တို့အပေါ်တွင် ဂရုစိုက်စောင့်ရှောက်ပြီး ကျွန်ုပ်တို့၏ ဘဝလှုပ်ရှားမှုများကို လျှပ်တစ်ပြက် မှတ်တမ်းတင်ပေးနေမည့် ထာဝရပုဂ္ဂိုလ်ကြီးတစ်ဦး၊ အနှိုင်းမဲ့ပုဂ္ဂိုလ်ကြီးတစ်ဦး ရှိနေမှန်း သိရှိနေသော်ငြားလည်း ကျွန်ုပ်တို့သည် အဘယ်မျှလောက်သော ငြိမ်းချမ်းမှုမျိုးကို ရရှိသင့်ကြပါသနည်း။

## "ဘုရားသခင်နှင့်အတူ"
## Out in the Fields with God

ပင်လယ်ပြင်အထက်မှာရှိတဲ့ ကွင်းပြင်တွေကြား
ဆော့ကစားတိုက်ခတ်နေတဲ့ လေပြေကြားမှာ
တစ်လိမ့်လိမ့်ပြုဆင်းလာတဲ့ ကျွဲနွားအုပ်တွေကြားမှာ
တရှဲရှဲအော်မြည်နေတဲ့ သစ်ပင်တွေနဲ့အတူ
ကျူကျူကြာကြာ တေးသံသာဆိုသီနေတဲ့ ငှက်ကလေးတွေအကြား
တဝီဝီနဲ့ ဝတ်ရည်စုနေတဲ့ ပျားကလေးတွေကြားမှာ
အကြောက်တရားကို ခွာချွတ်ပြီး လွတ်လပ်နေတဲ့ငါ။
လေညှင်းပွင့်ရနံ့သင်းတဲ့ မြက်ခင်းတွေအကြားမှာ
ရိတ်ဖြတ်ပြီးစ ရိုးပြတ်ပုံကြားနဲ့
ခြောက်သရောင်းစ စူးရှရှပြောင်းပင်တွေကြားမှာ
ဘိန်းသီးတွေ ငိုက်ကျနေတဲ့ ဘိန်းပင်တွေကြားမှာ
အနိဋ္ဌအတွေးတွေ လွင့်ပြယ်ပြေးပြီး
ဣဋ္ဌအတွေးတွေ မွေးဖွားလာအောင် ဘုရားသခင်နဲ့အတူ ရှိနေခဲ့တဲ့ငါ

ဘာဆိုဘာမျှ ပူပန်စရာမရှိ
ငါ့ကို ကပ်ငြိတဲ့ သောကမှန်သမျှ မနေ့ကလွန်မြောက်သွားခဲ့ပြီ
(အဲလဇ္ဇဘက် ဘားရက်တ် ဘရောင်းနင်း)
( By. Elizabeth Barrett Browning)

## "ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်"

ဘုရားသခင်သည် သင့်အပေါ်တွင် ချစ်ခြင်းမေတ္တာထားပါသလား။ သင်နေထိုင်ရာ ဝန်းကျင်တွင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို သင်တွေ့မြင် ခံစားကြည့်နိုင်ပါသည်။ သင့်ဝန်းကျင်ရှိ ဘုရားသခင်၏ လှပသော ဖန်ဆင်းမှုကို ကြည့်ရှုံမျှနှင့်ပင် ဘုရားသခင်က သင့်ကိုချစ်မြတ်နိုးတော်မူကြောင်း သင်ကောင်းစွာ သိနိုင်ပါသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် သင်ခံစားပျော်ရွှင်ရန် ဖန်တီးပေးထားသော အရာအားလုံးထက် ထူးခြားထင်ရှားလှပါပေသည်။

ဘုရားသခင်၏ သည်းခံခြင်းတရားနှင့် ဂရုဏာတော်ကို ကြည့်ပါ။ မေဟအမှောင်ဖုံး နေသူတိုင်းကို ဘုရားသခင်၏ မေတ္တာတော်ဖြင့် ဉာဏ်အလင်းဖွင့်ပေးရင်း ဘုရားသခင်၏ မေတ္တာတော်အနန္တကို ဖေါ်ထုတ်ပြသလေ့ရှိပါသည်။ သူ့အားကြည်ညိုလေးစားသော သူတော်ကောင်းများအပေါ်တွင်သာမက သူ့အပေါ်တွင် ကြည်ညိုသစ္စာမထက်သန်ဘဲ သူ၏ မေတ္တာတော်နှင့် ဂရုဏာတော်တို့ဖြင့် မထိုက်တန်သော သူယုတ်တို့အပေါ်တွင်လည်း သူ၏ ဖန်ဆင်းအပ်သော အဆိုပါ အလှတရားနှင့် ကောင်းချီးမင်္ဂလာတော်ကို ဖြန့်ကျက်တော်မူပါပေသည်။ သူတို့အပေါ်တွင် နွေးထွေးသော နေရောင်ခြည်ကို နေ့စဉ်ပို့လွှတ်ပေးသည်။ ပန်းတိုင်းပွင့်စိမ့်သောငှာ မိုးဖြင့်ရွာသွန်း ဖျန်းပေးသည်။ လှပသော သစ်ပင်ပန်းမာန်၊ မြက်ပါမကျန်စေသည့်ပြင် ပြာလွင်သောကောင်းကင်၊ ရုပ်သွင်စုံသော တိမ်စိုင်ခဲ အမြဲအိပ်စက်နေရမည့် နိဗ္ဗာန်ဘုံ၊ နေအာရုဏ်၊ လအလင်း၊ ကြယ်တစ်သင်းကအစ လောကအားကို ဘုရားသခင် ဖန်ဆင်းတော်မူပေသည်။

ဘုရားသခင်က သင့်အပေါ်ထားရှိသော ချစ်ခြင်းမေတ္တာကို သင်မယုံကြည်ပါမူ သူပေးသော ကောင်းချီးမင်္ဂလာ အဖြာဖြာကို ကြည့်လိုက်ပါ။ ထိုအရာများထက်ပို၍ သူဘာကိုမိန့်ဆိုနိုင်ပါမည်နည်း။ သူသည် ဘဝကို ဤမျှအဆန်းတကြယ် လှပစေရန် လောကကြီးကို ဤမျှအံ့ဩဖွယ် ဖြစ်စေရန် ဖန်တီးဖို့ မလိုအပ်ပါ။ သို့သော် ဖန်ဆင်းခဲ့ပါသည်။ ဤသို့ဖန်ဆင်းခဲ့ခြင်းမှာ သင့်အတွက်ကြောင့်သာလျှင် ဖြစ်ပါသည်။

(ဒေးဗစ် ဘရန့်တ် ဘာ့ဂ်)
(By. David Brandt Berg)